ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

လုပ်ငန်းညှိနှိုင်းရေးဌာန

<u>ဝင်စာတင်ပြလွှာ</u>

အကြောင်းအရာ။ ကာကွယ်ရေးဝန်ကြီးဌာန [illegible]

မှ [illegible]

စစ်ဘောက်ချပ်ကုန်း [illegible]

တင်ပြခြင်း။

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
၁၈-၃-၀၉	[illegible] စစ်ဘောက်ချပ်ကုန်း [illegible] တင်ပြသည်။	
၈-၄-၀၉	၁၃/၂၀၀၉ MIC တင်သည်။	
30 4/09	13/09 MIC သို့ပြန်ကြားချက် စာထွက်သည်	
7 5/09	TC တင်ရန် အသိပေးချက်များ [illegible] ပို့သည်။	
20 5/09	17/09 TC တင်သည်	
4 6/09	17/09 TC သို့ပြန်ကြားချက် စာထွက်သည်။	
9 6/09	Cab တင်ရန် အသိပေးချက်များ စာထွက်သည်။	
18 6/09	22/09 Cab တင်သည်။	
30 6/09	ခွင့်ပြုမိန့် ထုတ်သည် မဒ၁၁ - ၃၀၁/၂၀၀၉။	

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ - ....၇၀၁......... / ၂၀၀၉ ။ ၂၀၀၉ ခုနှစ်၊ ဇွန် လ ၃၀ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် .... ဦးသန့်ဇော်ရွှေ

(ခ) အဘအမည် .... ဦးသန်းရွှေ

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် .... ၁၂/မရက(နိုင်)၀၀၆၉၆၂

(ဃ) နေရပ်လိပ်စာ .... အမှတ်(၁၂/၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း .... ပုဂံသံတဲဟိုတယ်အုပ်စုကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား .... နိုင်ငံပိုင်မြေကိုငှားရမ်း၍ BOT စနစ်ဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ (များ) .... ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မြပြင်ကျေးရွာ၊ ကွင်းအမှတ် (VT-40)

(ဇ) မတည်ငွေရင်းပမာဏ (ကျပ်) .... ၁၃၅၆၂၇(သန်း) (ကျပ်တစ်ထောင့်သုံးရာငါးဆယ့်ခြောက်သန်း၊ နှစ်သိန်း၊ ခုနစ်သောင်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၇ / ၂၀၀၉ (မနသ)
ရန်ကုန်မြို့ ၊ ၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၀၉ခုနှစ်၊ ဇွန် လ ၃၀ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)မှ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီ ကမ်းခြေ ၊ မြပြင် ကျေးရွာ၊ ကွင်းအမှတ် (VT-40) ရှိ မြေ (၅.၂၀)ဧက (၂၁၀၄၃.၆၇ စတုရန်းမီတာ) ကို ငှားရမ်း၍ BOT စနစ်ဖြင့် ဟိုတယ် လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား (၈-၄-၂၀၀၉)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ (၁၃/၂၀၀၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၂၀-၅-၂၀၀၉) နေ့တွင် ကျင်းပသော ကုန်သွယ်မှု မူဝါဒကောင်စီ ၏ (၁၇/၂၀၀၉)ကြိမ်မြောက် အစည်းအဝေး သို့ ဆက်လက် တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေး သဘောတူညီချက်အရ (၁၈-၆-၂၀၀၉)နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏(၂၂/၂၀၀၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ သဘောတူကြောင်း ဆုံးဖြတ် ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ သားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) အား BOT စနစ်ဖြင့် ဟိုတယ် လုပ်ငန်း ဆောင်ရွက် နိုင်ရန် အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၇၀၁ / ၂၀၀၉ ကို ထုတ်ပေးလိုက်သည်။

၂။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက် ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ဝန်ဆောင်မှု လုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပြုလိုက် သည်။ ဥပဒေပုဒ်မ (၁၃) အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားလိုပါက ဤကော်မရှင်သို့ လျှောက်ထား ရ မည်။

၃။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိ ဆောင်ရွက် အကောင် အထည် ဖော်ရမည်။

၄။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၅။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) သည်၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးနှင့် ပုဂံသံတဲ ဟိုတယ် အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) တို့ လက်မှတ်ရေးထိုးပြီး ဖြစ်သော BOT စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူစာချုပ် ပါ စည်းမျဉ်း စည်းကမ်း များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆။ မြေငှားရမ်းကာလမှာ ကနဦး နှစ်(၃၀) နှင့် နောက်ထပ် (၅)နှစ် (၂)ကြိမ် ဖြင့် စုစုပေါင်း နှစ် (၄၀)ဖြစ်ပါသည်။

၇။ မြေငှားရမ်းခကို စာချုပ်ပါအတိုင်း (၁-၁-၂၀၀၇) နေ့မှစ၍ နှစ်စဉ် ငွေကျပ် သိန်း (၂၆၀) နှင့် အမေရိကန် ဒေါ်လာ (သို့မဟုတ်) အက်ဖ်အီးစီ (၁၃၀၀၀) နှုန်းဖြင့် (၆)လလျှင် တစ်ကြိမ် ပေးသွင်းရမည်။

၈။ အဆိုပါငှားရမ်းခကို (၅)နှစ်တစ်ကြိမ် ညှိနှိုင်းရာ၌မူလ ငှားရမ်းခနှုန်း၏(၁၅) ရာခိုင်နှုန်းထက် မပို စေဘဲ ညှိနှိုင်းရမည်။

၉။ ဟိုတယ် တည်ဆောက်မှု လုပ်ငန်းအားလုံးကို စာချုပ်ချုပ်ဆိုသည့်နေ့မှ စ၍ (၂)နှစ် အတွင်း အပြီး ဆောက်လုပ် ဖွင့်လှစ်နိုင်ခြင်း မရှိပါက ငှားရမ်းထားသောမြေအား စစ်ထောက်ချုပ်ရုံးသို့ ပြန်လည် အပ်နှံရမည် ဖြစ်ပြီး ကုမ္ပဏီမှ ပေးသွင်းခဲ့သော မြေငှားရမ်းခများကို ပြန်လည်ထုတ်ပေး မည် မဟုတ်ပါ။

၁၀။ စာချုပ်သက်တမ်း ကုန်ဆုံးပြီး (၃)လအတွင်း အငှားချထားသည့် မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးများ၊အဆောက်အဦးတွင်တပ်ဆင်ထားသည့် (Fixture) ပစ္စည်းများ (ရွှေ့ပြောင်းနိုင် သောပစ္စည်းများမှအပ) အားလုံးကို အဖိုးစားနားမပါရှိဘဲ ကုမ္ပဏီမှ စစ်ထောက်ချုပ်ရုံးသို့ ပြန်လည် လွှဲပြောင်း ပေးအပ်ရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၁၂။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု

ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိ ပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင် ခံရမည်။

၁၃။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လ အတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင် ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ / အောက်တိုဘာ လများ) မပျက်မကွက် ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြု လုပ်ငန်း၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ် သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ မပျက်မကွက် တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၅။ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေး တွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၆။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့ အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် လုပ်ငန်းပိတ်သိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက် မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၅(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၁၇။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၆(က) /မ- ၁၀၂၅/၂၀၀၉(၁၀၄၁၈-ခ)၊
ရက်စွဲ၊ ၂၀၀၉ ခုနှစ် ၊ ဇွန် လ ၁၀ ရက်။
ဖြန့်ဝေခြင်း-

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး။

၃။ အစိုးရ အဖွဲ့ရုံး။

၄။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး။

၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အဖွဲ့ဝင်များ။

၆။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၇။ အလုပ်သမား ဝန်ကြီးဌာန။

၈။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၉။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန။

၁၀။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန။

၁၁။ အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန။

၁၂။ ဥက္ကဋ္ဌ၊နိုင်ငံခြားမတည် ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့။ (ပို့ဆောင်ရေး ဝန်ကြီးဌာန)

၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန။

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း။

၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။

၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန။

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။

၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။

၂၄။ ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

၂၅။ အုပ်ချုပ်မှုဒါရိုက်တာ၊ ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)

အထွေထွေ အရပ်ရပ် – ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

အကြောင်းအရာ။ "ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး ပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေ၌ မြေကို မုဂ်သံတော် ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် မှ BOT စနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းကိစ္စ။"

အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (/၂၀၀၉) (- - ၂၀၀၉) အစည်းအဝေး ဆုံးဖြတ်ချက် အရ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု [illegible] ဆက်လက်ပေးပို့ရန် [illegible] (စာကြမ်း) အား မှတ်ချက်ပြု တင်ပြအပ်ပါသည်။

16/6/2009
(ဝင်းမြင့်)

[illegible]

အထက်လက်ခံ တင်ပြအပ်ပါသည်။

၁၇.၆.၀၉

ရုံးကြားရေးမှူး
၁၇/၆/၀၉

၁၇.၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရကက-၆(ခ)/မ-၁၄၅၉/၂၀၀၉(၉၇၀၇)
ရက်စွဲ ၊ ၂၀၀၉ ခုနှစ်၊ ဇွန် လ ၁၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ ။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး ပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ B.O.T စနစ် ဖြင့် ငှားရမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ပုဂံ သံတဲ ဟိုတယ် အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) (ကမကထပြုသူ ဦးသန့်ဇော်ရွှေ) မှ ရခိုင် ပြည်နယ်၊ သံတွဲမြို့နယ် ၊ ငပလီ ကမ်းခြေ၊ မြပြင်ကျေးရွာ၊ ကွင်းအမှတ်(VT-40) ရှိ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေ (၅.၂၀)ဧက (၂၁၀၄၃.၆၇ စတုရန်းမီတာ)ကို ငှားရမ်း၍ B.O.T စနစ် ဖြင့် ဟိုတယ် လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြ လာပါသည်။ ယင်း အဆိုပြု လုပ်ငန်း ဆောင်ရွက်ခွင့်အား (၂၀-၅-၂၀၀၉) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ (၁၇/၂၀၀၉) အစည်းအဝေးသို့ တင်ပြခဲ့ရာ " လုပ်ငန်း ဆောင်ရွက်ခွင့်ပြုကြောင်း " ဆုံးဖြတ်ခဲ့ပါသည်။ နောက်ဆက်တွဲ(က)

၂။ လုပ်ငန်း အဆိုပြုချက် နှင့် အတူ B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူ စာချုပ် နှင့် ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်တို့ကို နောက်ဆက်တွဲ(ခ) ဖြင့်တင်ပြအပ်ပါသည်။လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း ကျပ် (၁၃၅၆.၂၇) သန်း ဖြစ်ပါသည်။ ဟိုတယ် လုပ်ငန်းသုံး ပစ္စည်းများတွင် ရုံးခန်းသုံး ပစ္စည်းများ၊ Laundry သုံး ပစ္စည်းများ၊ စားသောက်ခန်း/ မီးဖိုဆောင် အသုံးအဆောင် နှင့် ထီးကြီးများ၊ Generator & Pumps နှင့် မော်တော်ယာဉ်တစ်စီး တို့ ပါဝင်ပြီး ပစ္စည်းအားလုံးဝယ်ယူပြီးဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီ လီမိတက် မှ ငှားရမ်း၍ ဟိုတယ် လုပ်ငန်း ဆောင်ရွက်ခြင်း ကို ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ (၂၅/၂၀၀၇) (၈-၈-၂၀၀၇) အစည်းအဝေး မှ ခွင့်ပြုချက် အရ (၁-၁-၂၀၀၇) ရက်နေ့မှ စ၍ မြေ ငှားရမ်းခသတ်မှတ်ပြီး(၁၃-၉-၂၀၀၇)တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်းတင်ပြထားပါသည် ။ B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူ စာချုပ်ပါ အဓိကအချက်များ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်-

(က) မြေငှားရမ်း ကာလမှာ ကနဦး (၃၀)နှစ် နှင့် နောက်ထပ် (၅)နှစ် (၂)ကြိမ်ဖြင့် စုစုပေါင်း နှစ်(၄၀) ဖြစ်ပါသည်။

(ခ) မြေငှားရမ်းခမှာ တစ်နှစ်လျှင် ကျပ် (၂၆၀) သိန်း နှင့် အမေရိကန်ဒေါ်လာ / FEC ၁၃၀၀၀ ဖြစ်ပါသည်။

(ဂ) မြေငှားရမ်းခ ကို (၁-၁-၂၀၀၇) နေ့မှ စတင် တွက်ချက်မည် ဖြစ်ပါသည်။ နှစ်စဉ် ငှားရမ်းခ ကို (၆)လ လျှင် တစ်ကြိမ် ပေးသွင်းရမည်။

(ဃ) ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် ညှိနှိုင်းရာ၌ မူလ ငှားရမ်းခ ၏ (၁၅%) ထက် မပိုစေရပါ။

(င) ဟိုတယ် တည်ဆောက်မှု လုပ်ငန်း အားလုံးကို စာချုပ် ချုပ်ဆိုသည့် နေ့မှ စ၍ (၂) နှစ် အတွင်း အပြီး ဆောက်လုပ် ဖွင့်လှစ် နိုင်ခြင်း မရှိပါက ငှားရမ်း ထားသော မြေအား စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် အပ်နှံ ရမည် ဖြစ်ပြီး ကုမ္ပဏီ မှ ပေးသွင်း ခဲ့သော မြေငှားရမ်းခ များကို ပြန်လည်ထုတ်ပေးခြင်းမရှိစေရပါ။

(စ) စာချုပ်သက်တမ်းကုန်ဆုံးပြီး(၃)လအတွင်း အဆောက်အဦနှင့်ပစ္စည်းများ အားလုံးကို အဖိုးစားနား မပါရှိဘဲ ကုမ္ပဏီ မှ စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် လွှဲပြောင်း ပေးအပ်ရမည်။ သို့ရာတွင် ဟိုတယ် လုပ်ငန်း နှင့် အဆောက်အဦ တွင် တပ်ဆင် ထားသည့် (Fixture) ပစ္စည်းများမှ အပ ကျန် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကိုကုမ္ပဏီ မှ ယူဆောင် သွားခြင်းပြုနိုင်သည်။

၄။ ယင်းလုပ်ငန်းကို (၂)ခန်းတွဲ (၁)ထပ် ဘန်ဂလို(၁၀)လုံး၊ (၄)ယူနစ်ပါ (၂)ထပ် ဘန်ဂလို (၁၀)လုံးဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဟိုတယ်၏ဝင်ငွေကို ခန့်မှန်းတွက်ချက်ရာတွင် ပုံမှန်နှစ်၌ ငှားရမ်းနိုင်မည့် နှုန်းများကို အောက်တိုဘာလမှ ဧပြီလအတွင်း နိုင်ငံခြားငွေဖြင့် (၁၀)ရာခိုင်နှုန်းနှင့် ကျပ်ငွေဖြင့်(၇၀)ရာခိုင်နှုန်းဖြင့် တွက်ချက်ထားပါသည်။ ပုံမှန်နှစ်ရှိ အခန်းငှားရမ်းခနှုန်းမှာ တစ်ထပ် ဘန်ဂလို နှင့် နှစ်ထပ် ဘန်ဂလိုရှိ အခန်း များကို တစ်ခန်းလျှင် နိုင်ငံခြားငွေဖြင့် အမေရိကန် ဒေါ်လာ (၄၀)နှုန်းနှင့် ကျပ်ငွေဖြင့် (၄၀၀၀၀) ကျပ်နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၉)နှစ် နှင့် (၄)လ ဖြစ်ပြီး အရင်းအနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း(IRR) မှာ (၁၉.၃၁) ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ဝင်ငွေခွန် FEC (၁၈၃၀) (နိုင်ငံခြား ငွေဖြင့် ရရှိသော စုစုပေါင်းဝင်ငွေ ၏ ၂%) နှင့် ကျပ် (၄၀.၈၆) သန်း (ကျပ်ငွေဖြင့် ရရှိသော အမြတ်ငွေ ၏ ၃၀%)၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ်(၈၃.၇၇) သန်း၊ မြေငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၃၀၀၀) နှင့် ကျပ် (၂၆.၀၀) သန်း ရရှိမည်ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း(၅၂)ဦး ခန့် ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ လျှပ်စစ်ဓါတ်အား အတွက် ကုမ္ပဏီ အစီအစဉ်ဖြင့် ဆောင်ရွက်ရန် စက်ပစ္စည်း စာရင်းတွင် Generator (၄)လုံး တင်ပြထား ပါသည်။

၉။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန မှ ကုမ္ပဏီသို့ ထုတ်ပေးထားသည့် ဟိုတယ် နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် တင်ပြထား ပါသည်။

၁၀။ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်လင်းမောင် ၏ မြဝတီ ဘဏ် လီမိတက်ရှိ ငွေလက်ကျန် နှင့် ဦးအောင်ကျော်ညွန့် ၏ မြဝတီဘဏ်လီမိတက်၊ မြန်မာ့ စီးပွားရေးဘဏ်နှင့် သမဝါယမဘဏ်လီမိတက်တို့ ရှိ ငွေလက်ကျန် စုစုပေါင်း ကျပ် (၂၅၆.၁၆) သန်း တင်ပြ ထား ပါသည်။

၁၁။ လုပ်ငန်းတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေး အန္တရာယ် မဖြစ်ပွားစေရန် အတွက် လိုအပ်သော အစီ အမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက် ထားရှိမည် ဖြစ်ကြောင်း၊ ဟိုတယ်တွင် Stage Show, Fashion နှင့် Model Show များ ပြုလုပ်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းသွား နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ညွှန်ကြား ချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့် များကို ခံစားခွင့်ပြုရပါမည်။

၁၃။ <u>ဆုံးဖြတ်ရန်အချက်</u>

ကာကွယ်ရေးဝန်ကြီးဌာန၊စစ်ထောက်ချုပ်ရုံးပိုင်ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ စုစုပေါင်း နှစ်(၄၀) ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

၁၄။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်</u>

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့</u>

ဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ နေရပ်လိပ်စာ
၁။	ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co.,Ltd.)	၁။ ဦးသန့်ဇော်ရွှေ (အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ်-၁၂/(H)၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဦးအောင်ကျော်ညွန့် (ဒါရိုက်တာ)	အမှတ်-၁၂၄/ခ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့။
		၃။ ဦးဇော်လင်းမောင် (ဒါရိုက်တာ)	အမှတ်-၇၅/(D) ၊ ဖိုးစိန်လမ်း၊ ရှင်ပါကူ အထူးကုဆေးခန်းအနီး၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။	ကုမ္ပဏီတယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၁-၅၄၆၂၂၅၊ ၀၁-၅၄၆၂၂၆၊ ၀၁-၅၄၃၉၆၃ ၊ ဖက်စ်-၀၁-၅၄၆၂၂၇
၂။	ကုမ္ပဏီ၏လိပ်စာအပြည့်အစုံ	-	အမှတ်-၇၅/(D)၊ဖိုးစိန်လမ်း၊ရှင်ပါကူအထူးကုဆေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။	ကုမ္ပဏီ၏ဆက်သွယ်ရမည့် ပုဂ္ဂိုလ် အမည်၊ ရာထူး	-	ဦးဇော်လင်းမောင် (ဒါရိုက်တာ)
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ	-	၁၄၇/၂၀၀၆-၂၀၀၇ (၂၄-၄-၂၀၀၆)
၆။	ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	(၂၃-၄-၂၀၁၀)
၇။	ဘဏ်အမည် နှင့် ဘဏ်စာရင်းအမှတ်	-	မြဝတီ ဘဏ်လီမိတက် S-121202307 w CB ဘဏ် 013 20 16418

နောက်ဆက်တွဲ(က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၀၉ခုနှစ်၊မေလ(၂၀)ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၀၉) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၆-ခ	၆၆၄	ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိမြေကို ပုဂံသံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ စုစုပေါင်း နှစ်(၄၀)ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ပါသည်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။ ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာအမှတ် ....
ရက်စွဲ ၂၆-၅-၂၀၀၉
ကုန်သွယ်မှုမူဝါဒကောင်စီ

wwm /sk 22-5-2009

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၆(ခ)/မ-၁၄၅၉/၂၀၀၉(၅၅၂၃)
ရက်စွဲ ၊ ၂၀၀၉ ခုနှစ် ၊ မေလ ၁၄ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ ။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး ပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ B.O.T စနစ် ဖြင့် ငှားရမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ပုဂံ သံတဲ ဟိုတယ် အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.)မှ ရခိုင် ပြည်နယ်၊ သံတွဲမြို့နယ် ၊ ငပလီ ကမ်းခြေ၊ မြပြင်ကျေးရွာ၊ ကွင်းအမှတ်(VT-40) ရှိ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေ (၅.၂၀)ဧက (၂၁၀၄၃.၆၇ စတုရန်းမီတာ)ကို ငှားရမ်း၍ B.O.T စနစ် ဖြင့် ဟိုတယ် လုပ်ငန်း ဆောင်ရွက်ရန် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြု တင်ပြ လာပါသည်။ ယင်း အဆိုပြု လုပ်ငန်း ဆောင်ရွက်ခွင့်အား (၈-၄-၂၀၀၉) နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏(၁၃/၂၀၀၉)အစည်းအဝေးသို့ တင်ပြခဲ့ရာ " ကုန်သွယ်မှုမူဝါဒကောင်စီသို့ ဆက်လက် တင်ပြရန် " ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပြုချက်နှင့် အတူ (B.O.T) စနစ်ဖြင့် မြေငှား သဘောတူ စာချုပ် နှင့် ရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်တို့ကို တင်ပြအပ်ပါသည်။ နောက်ဆက်တွဲ(က)

၂။ လုပ်ငန်း၏ ရင်းနှီး မြှုပ်နှံမှုပမာဏမှာ စုစုပေါင်း ကျပ် (၁၃၅၆.၂၇) သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ်(၃၀.၀၀) သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၉၄၁.၆၂)သန်း၊ ဟိုတယ် လုပ်ငန်းသုံးပစ္စည်း၊ မီးစက်နှင့် မော်တော်ယာဉ်များ တန်ဖိုး ကျပ်(၂၅၆.၁၆)သန်း နှင့် ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းများ တန်ဖိုး ကျပ် (၁၂၈.၄၉) သန်း ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ ဟိုတယ် လုပ်ငန်းသုံး ပစ္စည်းများတွင် ရုံးခန်းသုံး ပစ္စည်းများ၊ Laundry သုံး ပစ္စည်းများ၊ စားသောက်ခန်း/ မီးဖိုဆောင် အသုံးအဆောင် နှင့် ထီးကြီးများ၊ Generator & Pumps နှင့် မော်တော်ယာဉ်တစ်စီး တို့ ပါဝင်ပြီး ပစ္စည်းအားလုံးဝယ်ယူပြီးဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီ လီမိတက် မှ ငှားရမ်း၍ ဟိုတယ် လုပ်ငန်း ဆောင်ရွက်ခြင်း ကို ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ (၂၅/၂၀၀၇) (၈-၈-၂၀၀၇) အစည်းအဝေး မှ ခွင့်ပြုချက် အရ (၁-၁-၂၀၀၇) ရက်နေ့မှ စ၍ မြေ ငှားရမ်းခသတ်မှတ်ပြီး(၁၃-၉-၂၀၀၇)တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်းတင်ပြထားပါသည် ။ B.O.T စနစ်ဖြင့် မြေငှား သဘောတူ စာချုပ်ပါ အဓိကအချက်များ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်။

(က) မြေငှားရမ်း ကာလမှာ ကနဦး (၃၀)နှစ် နှင့် နောက်ထပ် (၅)နှစ် (၂)ကြိမ်ဖြင့် စုစုပေါင်း နှစ်(၄၀) ဖြစ်ပါသည်။

(ခ) မြေငှားရမ်းခမှာ တစ်နှစ်လျှင်ကျပ်(၂၆၀)သိန်းနှင့် US$ (သို့)FEC ၁၃၀၀၀ ဖြင့် နှစ်မျိုး ပေးသွင်းရမည်။

(ဂ) မြေငှားရမ်းခ ကို (၁-၁-၂၀၀၇) နေ့မှ စတင် တွက်ချက်မည် ဖြစ်ပါသည်။ နှစ်စဥ် ငှားရမ်းခ ကို (၆)လ လျှင် တစ်ကြိမ် ပေးသွင်းရမည်။

(ဃ) ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် ညှိနှိုင်းရာ၌ မူလ ငှားရမ်းခ ၏ (၁၅%) ထက် မပိုစေ ရပါ။

(င) ဟိုတယ် တည်ဆောက်မှု လုပ်ငန်း အားလုံးကို စာချုပ် ချုပ်ဆိုသည့် နေ့မှ စ၍ (၂) နှစ် အတွင်း အပြီး ဆောက်လုပ် ဖွင့်လှစ် နိုင်ခြင်း မရှိပါက ငှားရမ်း ထားသော မြေအား စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် အပ်နှံ ရမည် ဖြစ်ပြီး ကုမ္ပဏီ မှ ပေးသွင်း ခဲ့သော မြေငှားရမ်းခ များကို ပြန်လည်ထုတ်ပေးခြင်းမရှိစေရပါ။

(စ) စာချုပ်သက်တမ်းကုန်ဆုံးပြီး(၃)လအတွင်း အဆောက်အဦနှင့်ပစ္စည်းများ အားလုံးကို အဖိုးစားနား မပါရှိဘဲ ကုမ္ပဏီ မှ စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် လွှဲပြောင်း ပေးအပ် ရမည်။ သို့ရာတွင် ဟိုတယ် လုပ်ငန်း နှင့် အဆောက်အဦ တွင် တပ်ဆင် ထားသည့် (Fixture) ပစ္စည်းများမှ အပ ကျန် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကိုကုမ္ပဏီ မှ ယူဆောင် သွားခြင်းပြုနိုင်သည်။

၄။ ယင်းလုပ်ငန်းကို (၂)ခန်းတွဲ (၁)ထပ် ဘန်ဂလို(၁၀)လုံး၊ (၄)ယူနစ်ပါ (၂)ထပ် ဘန်ဂလို (၁၀)လုံးဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဟိုတယ်၏ဝင်ငွေကို ခန့်မှန်းတွက်ချက်ရာတွင် ပုံမှန်နှစ်၌ ငှားရမ်းနိုင်မည့် နှုန်းများကို အောက်တိုဘာလမှ ဧပြီလအတွင်း နိုင်ငံခြားငွေဖြင့် (၁၀)ရာခိုင်နှုန်းနှင့် ကျပ်ငွေဖြင့်(၇၀)ရာခိုင်နှုန်းဖြင့် တွက်ချက်ထားပါသည်။ ပုံမှန်နှစ်ရှိ အခန်းငှားရမ်းခနှုန်းမှာ တစ်ထပ် ဘန်ဂလို နှင့် နှစ်ထပ် ဘန်ဂလိုခန်း များကို တစ်ခန်းလျှင် နိုင်ငံခြားငွေဖြင့် အမေရိကန်ဒေါ်လာ (၄၀)နှုန်းနှင့် ကျပ်ငွေဖြင့် (၄၀၀၀၀) ကျပ်နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၅။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင်ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၇၄၇.၉၄	၀.၅၅	၇၄၈.၄၉
(ခ) အသုံးစရိတ်	၆၅၂.၆၁	၀.၀၉	၆၅၂.၇၀
(ဂ) အသားတင်အမြတ်	၉၅.၃၃	၀.၄၆	၉၅.၇၉

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်း ခြေ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ကုန်သွယ်လုပ်ငန်းခွန်	ကျပ် ၈၃.၇၇ သန်း
- ဝင်ငွေခွန်	
(နိုင်ငံခြားငွေဖြင့် ရရှိသော စုစုပေါင်းဝင်ငွေ ၏ ၂%)	FEC ၁၈၃၀
(ကျပ်ငွေဖြင့်ရရှိသောအမြတ်ငွေ ၏ ၃၀%)	ကျပ် ၄၀.၈၆ သန်း
- မြေငှားရမ်းခ	US$ ၁၃၀၀၀
	ကျပ် ၂၆.၀၀ သန်း

၇။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၉)နှစ် နှင့် (၄)လ ဖြစ်ပြီး အရင်းအနှီး အပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း(IRR) မှာ (၁၉.၃၁) ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း(၅၂)ဦး ခန့် ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ လျှပ်စစ်ဓါတ်အား အတွက် ကုမ္ပဏီ အစီအစဉ်ဖြင့် ဆောင်ရွက်ရန် စက်ပစ္စည်း စာရင်းတွင် Generator (၄)လုံး တင်ပြထား ပါသည်။

၁၀။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီး ဌာန မှ ကုမ္ပဏီသို့ ထုတ်ပေးထားသည့် ဟိုတယ် နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် တင်ပြထား ပါသည်။

၁၁။ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်လင်းမောင် ၏ မြဝတီ ဘဏ်လီမိတက်ရှိငွေလက်ကျန်နှင့် ဦးအောင်ကျော်ညွန့် ၏ မြဝတီဘဏ်လီမိတက်၊ မြန်မာ့ စီးပွားရေးဘဏ်နှင့် သမဝါယမဘဏ်လီမိတက် ရှိ ငွေလက်ကျန် စုစုပေါင်း ကျပ် (၂၅၆.၁၆) သန်း တင်ပြ ထား ပါသည်။

၁၂။ လုပ်ငန်းတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေး အန္တရာယ် မဖြစ်ပွားစေရန် အတွက် လိုအပ်သော အစီ အမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက် ထားရှိမည် ဖြစ်ကြောင်း၊ ဟိုတယ်တွင် Stage Show, Fashion နှင့် Model Show များ ပြုလုပ်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းသွား နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ညွှန်ကြား ချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။

၁၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့် များကို ခံစားခွင့်ပြုရပါမည်။

၁၄။ ဆုံးဖြတ်ရန်အချက်

ကာကွယ်ရေးဝန်ကြီးဌာန၊စစ်ထောက်ချုပ်ရုံးပိုင်ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ စုစုပေါင်း နှစ်(၄၀) ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

၁၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်

ကုန်သွယ်မှု မူဝါဒကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ

ဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များအမည်	ဒါရိုက်တာ/အစုရှင်များ၏ နေရပ်လိပ်စာ
၁။	ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co.,Ltd.)	၁။ ဦးသန့်ဇော်ရွှေ (အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ်-၁၂/(H)၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဦးအောင်ကျော်ညွန့် (ဒါရိုက်တာ)	အမှတ်-၁၂၄/ခ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့။
		၃။ ဦးဇော်လင်းမောင် (ဒါရိုက်တာ)	အမှတ်-၇၅/(D) ၊ ဖိုးစိန်လမ်း၊ ရှင်ပါကူ အထူးကုဆေးခန်းအနီး၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။	ကုမ္ပဏီတယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၁-၅၄၆၂၂၅ ၊ ၀၁-၅၄၆၂၂၆ ၊ ၀၁-၅၄၃၉၆၃ ၊ ဖက်စ်-၀၁-၅၄၆၂၂၇
၂။	ကုမ္ပဏီ၏လိပ်စာအပြည့်အစုံ	-	အမှတ်-၇၅/(D)၊ဖိုးစိန်လမ်း၊ရှင်ပါကူအထူးကုဆေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။	ကုမ္ပဏီ၏ဆက်သွယ်ရမည့် ပုဂ္ဂိုလ် အမည်၊ ရာထူး	-	ဦးဇော်လင်းမောင် (ဒါရိုက်တာ)
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ	-	၁၄၇/၂၀၀၆-၂၀၀၇ (၂၄-၄-၂၀၀၆)
၆။	ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	(၂၃-၄-၂၀၁၀)
၇။	ဘဏ်အမည် နှင့် ဘဏ်စာရင်းအမှတ်	-	မြဝတီ ဘဏ်လီမိတက် S-121202307 w CB ဘဏ် 013 20 16418

၂၀၀၇ ခုနှစ်၊ဩဂုတ်လ(၈)ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှု မူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၀၇) မှတ်တမ်းကောက်နှုတ်ချက်။

အစည်းအဝေး အစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၀-ဂ	၆၂၄	(က) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိကာကွယ်ရေးဝန်ကြီးဌာန ပိုင်မြေကိုပူးတွဲပါကုမ္ပဏီ(၈)ခု သို့ ဌားရမ်းခနှုန်း(၁)ကေအတွက် တစ်နှစ်လျှင် ကျပ်သိန်း(၅၀) နှင့် အမေရိကန်ဒေါ်လာ (သို့မဟုတ်) အက်ဖ်အီးစီ(၂၅၀၀) နှုန်းဖြင့် (၁-၁-၂၀၀၇) နေ့မှ စ၍ (BOT)စနစ်ဖြင့် ကနဦး (၃၀)နှစ်နှင့် နောက်ထပ်(၅)နှစ် (နှစ်)ကြိမ် စုစုပေါင်း နှစ်(၄၀) ဌားရမ်းခွင့်ပြုရန်။ (ခ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကုမ္ပဏီ တစ်ခုခြင်းအလိုက် ဟိုတယ်လုပ်ငန်း အဆိုပြုချက်များကို စစ်ဆေးချုပ်ရုံးမှတဆင့် တင်ပြစေရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်။ စစ်ဆေးချုပ်ရုံး။

wwm/sk/ 14-8-2007

ကော်မရှင်၏ ၁၃/၂၀၀၉ အစည်းအဝေး

အကြောင်းအရာ။ ။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး ပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက်မှ B.O.Tစနစ်ဖြင့်ငှားရမ်း၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းကိစ္စ။

၁။	ကုမ္ပဏီအမည်	- ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) (၂၄-၄-၂၀၀၆ နေ့တွင် မှတ်ပုံတင်ပြီး)
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးသန့်ဇော်ရွှေ
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	- ဟိုတယ်လုပ်ငန်း
၄။	တည်နေရာ	- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မြပြင်ကျေးရွာ၊ ကွင်းအမှတ် (VT- 40)
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	၁၃၅၆.၂၇ (ကျပ်သန်း)
	- ငွေပမာဏ	၃၀.၀၀
	- အဆောက်အဦ	၉၄၁.၆၂
	- ဟိုတယ်လုပ်ငန်းသုံး ပစ္စည်းများ၊ မီးစက်နှင့် မော်တော်ယာဥ်	၂၅၆.၁၆
	- ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းများ	၁၂၈.၄၉
		- ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများတွင် ရုံးခန်းသုံးပစ္စည်းများ၊ Laundry သုံး ပစ္စည်းများ၊ စားသောက် ခန်း/မီးဖိုဆောင် အသုံးအဆောင် နှင့် ထီးကြီးများ၊ Generator & Pumps နှင့် မော်တော်ယာဥ်တစ်စီးတို့ ပါဝင်ပြီး ပစ္စည်း အားလုံးဝယ်ယူပြီး ဖြစ်ကြောင်း တင်ပြထားပါသည်။
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	- ၅.၂၀ ဧက (၂၁၀၄၃.၆၇ စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	- ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင်မြေ
	- မြေငှားကာလ	- ကနဦး နှစ် (၃၀)နှင့် (၅)နှစ် (၂)ကြိမ်
	- တစ်နှစ်မြေငှားရမ်းခ	- ကျပ် (၂၆၀) သိန်း နှင့် US$ (သို့) FEC ၁၃၀၀၀ ဖြင့် နှစ်မျိုး ပေးသွင်းမည် ဖြစ်ပါသည်။ (မြေတစ်ဧကလျှင် တစ်နှစ် အတွက် ကျပ်သိန်း (၅၀) နှင့် US$ (သို့မဟုတ်) FEC(၂၅၀၀)နှုန်း ဖြစ်ပါသည်။)

CMP-21

		- အဆိုပါ မြေငှားရမ်းခွင့်ကို ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၅/၂၀၀၇) (၈-၈-၂၀၀၇) အစည်းအဝေးမှ ခွင့်ပြုချက်အရ (၁-၁-၂၀၀၇) ရက်နေ့မှ စ၍ မြေငှားရမ်းခ သတ်မှတ်ပြီး (၁၃-၉-၂၀၀၇) ရက်နေ့ တွင် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြောင်း တင်ပြထားပါသည်။
၇။	ဆောက်လုပ်မည့်အဆောက်အဦ များ	- (၂)ခန်းတွဲ (၁)ထပ် ဘန်ဂလို ၁၀ လုံး တစ်လုံး အကျယ် (၄၇'x ၄၇') - (၄)ယူနစ်ပါ (၂)ထပ် ဘန်ဂလို ၁၀ လုံး တစ်လုံး အကျယ် (၄၇'x ၄၇') - ဧည့်ကြိုဆောင် (၆၀'x ၆၀') ၁ လုံး - တစ်ထပ်မီးဖိုခန်း (၄၀'x ၃၀') ၁ လုံး - တစ်ထပ်စားသောက်ဆောင် ၁ လုံး (၄၀'x ၄၀') (အဆောက်အဦများ ၆၅% တည်ဆောက်ပြီး ဖြစ်ပါသည်။)
၈။	ဝန်ဆောင်မှုပမာဏ (ပုံမှန်နှစ်)	<u>အခန်း</u> <u>ငှားရမ်းနိုင်မှု ရာခိုင်နှုန်း</u>
		<u>ကျပ်ငွေဖြင့်</u> <u>နိုင်ငံခြားငွေဖြင့်</u>
	- တစ်ထပ်ဘန်ဂလို	၂၀ ၇၀% ၁၀%
	- နှစ်ထပ်ဘန်ဂလို	၄၀ ၇၀% ၁၀%
၉။	တစ်နှစ်တွင် ငှားရမ်းနိုင်မည့်ရက်	အောက်တိုဘာလမှ ဧပြီလထိ (၂၁၂)ရက်
၁၀။	ဝန်ဆောင်ခနှုန်း (ပုံမှန်နှစ်)	<u>ကျပ်ငွေဖြင့်</u> (ကျပ်) <u>နိုင်ငံခြားငွေဖြင့်</u> (US$)
	- တစ်ထပ်ဘန်ဂလို၏ တစ်ခန်း	၄၀,၀၀၀ ၄၀
	- နှစ်ထပ်ဘန်ဂလို၏ တစ်ခန်း	၄၀,၀၀၀ ၄၀
၁၁။	ဝင်ငွေ (ပုံမှန်နှစ်)	US$ ၀.၀၉ သန်း ကျပ် ၇၄၇.၉၄ သန်း
၁၂။	အသားတင်အမြတ် (ပုံမှန်နှစ်)	US$ ၀.၀၈ သန်း ကျပ် ၉၅.၃၃ သန်း
၁၃။	အရင်းကြေကာလ	(၉) နှစ် နှင့် (၄) လ
၁၄။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	(၁၉.၃၁) ရာခိုင်နှုန်း

CMP-21

၁၅။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ်	
	- ကုန်သွယ်လုပ်ငန်းခွန်	ကျပ် ၈၃.၇၇ သန်း
	- ဝင်ငွေခွန် (နိုင်ငံခြားငွေဖြင့်စုစုပေါင်းဝင်ငွေ၏ ၂%)	US$ ၁၈၃၀
	- (ကျပ်ငွေဖြင့်ရရှိသောအမြတ်ငွေ၏ ၃၀%)	ကျပ် ၄၀.၈၆ သန်း
	- မြေငှားရမ်းခ	US$ ၁၃၀၀၀ ကျပ် ၂၆.၀၀ သန်း
၁၆။	ဝန်ထမ်းအင်အား (ပြည်တွင်း)	(၅၂) ဦး
၁၇။	စစ်ထောက်ချုပ်ရုံး နှင့် ပုဂံသံတဲ ဟိုတယ် ကုမ္ပဏီတို့၏ B.O.T စနစ်ဖြင့် မြေ ငှားရမ်းခြင်း စာချုပ်ပါ အဓိက အချက်များ	- မြေငှားရမ်းကာလမှာ ကနဦး(၃၀) နှစ် နှင့် နောက်ထပ် (၅)နှစ် (၂)ကြိမ်ဖြင့် စုစုပေါင်းနှစ်(၄၀) ဖြစ်ပါသည်။ [စာချုပ်အပိုဒ် (၄)] - မြေငှားရမ်းခကို(၁-၁-၂၀၀၇)နေ့မှ စတင်တွက်ချက်မည် ဖြစ်ပါသည်။ နှစ်စဉ်ငှားရမ်းခကို (၆)လ လျှင် တစ်ကြိမ် (၂)ကြိမ်ခွဲ၍ ပေးသွင်းရမည်။ [စာချုပ်အပိုဒ် ၅ (က) (ဂ)] - ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် ညှိနှိုင်းရာ၌ မူလ ငှားရမ်းခ၏ (၁၅%) ထက် မပိုစေရပါ။ [စာချုပ်အပိုဒ် ၅ (စ)] - ဟိုတယ် တည်ဆောက်မှုလုပ်ငန်းအားလုံးကို စာချုပ်ချုပ်ဆိုသည့် နေ့မှစ၍ (၂)နှစ် အတွင်း အပြီး ဆောက်လုပ် ဖွင့်လှစ်နိုင်ခြင်း မရှိပါက ငှားရမ်းထားသော မြေအား စစ်ထောက်ချုပ်ရုံးသို့ ပြန်လည် အပ်နှံရမည် ဖြစ်ပြီး ကုမ္ပဏီမှ ပေးသွင်းခဲ့သော မြေငှားရမ်းခများကို ပြန်လည်ထုတ်ပေးခြင်းမရှိစေရပါ။ [စာချုပ်အပိုဒ် ၅ (ဆ)] - စာချုပ်သက်တမ်းကုန်ဆုံးပြီး(၃)လအတွင်း အဆောက်အဦနှင့် ပစ္စည်းများ အားလုံးကို အဖိုး စားနား မပါရှိဘဲ ကုမ္ပဏီမှ စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။ သို့ရာတွင် ဟိုတယ် လုပ်ငန်း နှင့် အဆောက် အဦတွင် တပ်ဆင် ထားသည့် (Fixture)

CMP-21

		ပစ္စည်းများမှအပ ကျန်ရွေ့ ပြောင်းနိုင်သည့် ပစ္စည်းများ အားလုံးကို ကုမ္ပဏီမှ ယူဆောင်သွားခြင်း ပြုနိုင်သည်။ [စာချုပ်အပိုဒ် (၈)]
၁၈။	ငွေကြေးအထောက်အထားတင်ပြမှု	- ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်လင်းမောင် ၏ မြဝတီဘဏ်လီမိတက်ရှိငွေလက်ကျန်နှင့်ဦးအောင်ကျော်ညွန့်၏ မြဝတီဘဏ်လီမိတက်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် CB Bank ရှိ ငွေလက်ကျန် စုစုပေါင်း ကျပ် (၂၅၆.၁၆) သန်း တင်ပြထားပါသည်။
၁၉။	အခြားတင်ပြချက်များ	- လျှပ်စစ်ဓါတ်အား အတွက် ကုမ္ပဏီအစီအစဉ်ဖြင့် စက်ပစ္စည်းစာရင်းတွင် Generator (၄)လုံး တင်ပြထားပါသည်။ - ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် တင်ပြထားပါသည်။
၂၀။	ကတိဝန်ခံချက်များ	- လုပ်ငန်းတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက်ထားရှိမည် ဖြစ်ကြောင်း၊ ဟိုတယ်တွင် Stage Show, Fashion နှင့် Model Show များ ပြုလုပ်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းသွားနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ညွှန်ကြားချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။
၂၁။	အခွန်ကင်းလွတ်ခွင့်/ သက်သာခွင့်	- မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရပါမည်။
၂၂။	ခွင့်ပြုမိန့် ထုတ်ပေးပြီး အခြေအနေ	- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ခွင့်ပြုမိန့်ထုတ်ပေးပြီး ဟိုတယ်လုပ်ငန်း (၁၉)ခု ရှိပြီး ခွင့်ပြု မိန့်ပြန်လည်အပ်နှံသော လုပ်ငန်း (၄)ခု ရှိသဖြင့် လုပ်ငန်း (၁၅)ခု ဆောင်ရွက်လျက် ရှိပါသည်။

CMP-21

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၆(ခ)/မ-၁၄၅၉/၂၀၀၉(၉၇၀၇)
ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ ။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး ပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ B.O.T စနစ် ဖြင့် ငှားရမ်း၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ပုဂံ သံတဲ ဟိုတယ် အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) (ကမကထပြုသူ ဦးသန့်ဇော်ရွှေ) မှ ရခိုင် ပြည်နယ်၊ သံတွဲမြို့နယ် ၊ ငပလီ ကမ်းခြေ၊ မြပြင်ကျေးရွာ၊ ကွင်းအမှတ်(VT-40) ရှိ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေ (၅.၂၀)ဧက (၂၁၀၄၃.၆၇ စတုရန်းမီတာ)ကို ငှားရမ်း၍ B.O.T စနစ် ဖြင့် ဟိုတယ် လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြ လာပါသည်။ ယင်း အဆိုပြု လုပ်ငန်း ဆောင်ရွက်ခွင့်အား (၂၀-၅-၂၀၀၉) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ (၁၇/၂၀၀၉) အစည်းအဝေးသို့ တင်ပြခဲ့ရာ " လုပ်ငန်း ဆောင်ရွက်ခွင့်ပြုကြောင်း " ဆုံးဖြတ်ခဲ့ပါသည်။ နောက်ဆက်တွဲ(က)

၂။ လုပ်ငန်း အဆိုပြုချက် နှင့် အတူ B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူ စာချုပ် နှင့် ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်တို့ကို နောက်ဆက်တွဲ(ခ) ဖြင့်တင်ပြအပ်ပါသည်။လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း ကျပ် (၁၃၅၆.၂၇) သန်း ဖြစ်ပါသည်။ ဟိုတယ် လုပ်ငန်းသုံး ပစ္စည်းများတွင် ရုံးခန်းသုံး ပစ္စည်းများ၊ Laundry သုံး ပစ္စည်းများ၊ စားသောက်ခန်း/ မီးဖိုဆောင် အသုံးအဆောင် နှင့် ထီးကြီးများ၊ Generator & Pumps နှင့် မော်တော်ယာဥ်တစ်စီး တို့ ပါဝင်ပြီး ပစ္စည်းအားလုံးဝယ်ယူပြီးဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီ လီမိတက် မှ ငှားရမ်း၍ ဟိုတယ် လုပ်ငန်း ဆောင်ရွက်ခြင်း ကို ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ (၂၅/၂၀၀၇) (၈-၈-၂၀၀၇) အစည်းအဝေး မှ ခွင့်ပြုချက် အရ (၁-၁-၂၀၀၇) ရက်နေ့မှ စ၍ မြေ ငှားရမ်းခသတ်မှတ်ပြီး(၁၃-၉-၂၀၀၇)တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်းတင်ပြထားပါသည် ။ B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူ စာချုပ်ပါ အဓိကအချက်များ မှာ အောက်ပါ အတိုင်း ဖြစ်ပါ သည်-

(က) မြေငှားရမ်း ကာလမှာ ကနဦး (၃၀)နှစ် နှင့် နောက်ထပ် (၅)နှစ် (၂)ကြိမ်ဖြင့် စုစုပေါင်း နှစ်(၄၀) ဖြစ်ပါသည်။

(ခ) မြေငှားရမ်းခမှာ တစ်နှစ်လျှင် ကျပ် (၂၆၀) သိန်း နှင့် အမေရိကန်ဒေါ်လာ / FEC ၁၃၀၀၀ ဖြစ်ပါသည်။

(ဂ) မြေငှားရမ်းခ ကို (၁-၁-၂၀၀၇) နေ့မှ စတင် တွက်ချက်မည် ဖြစ်ပါသည်။ နှစ်စဉ် ငှားရမ်းခ ကို (၆)လ လျှင် တစ်ကြိမ် ပေးသွင်းရမည်။

(ဃ) ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် ညှိနှိုင်းရာ၌ မူလ ငှားရမ်းခ ၏ (၁၅%) ထက် မပိုစေရပါ။

(င) ဟိုတယ် တည်ဆောက်မှု လုပ်ငန်း အားလုံးကို စာချုပ် ချုပ်ဆိုသည့် နေ့မှ စ၍ (၂) နှစ် အတွင်း အပြီး ဆောက်လုပ် ဖွင့်လှစ် နိုင်ခြင်း မရှိပါက ငှားရမ်း ထားသော မြေအား စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် အပ်နှံ ရမည် ဖြစ်ပြီး ကုမ္ပဏီ မှ ပေးသွင်း ခဲ့သော မြေငှားရမ်းခ များကို ပြန်လည်ထုတ်ပေးခြင်းမရှိစေရပါ။

(စ) စာချုပ်သက်တမ်းကုန်ဆုံးပြီး(၃)လအတွင်း အဆောက်အဦနှင့်ပစ္စည်းများ အားလုံးကို အဖိုးစားနား မပါရှိဘဲ ကုမ္ပဏီ မှ စစ်ထောက်ချုပ်ရုံး သို့ ပြန်လည် လွှဲပြောင်း ပေးအပ်ရမည်။ သို့ရာတွင် ဟိုတယ် လုပ်ငန်း နှင့် အဆောက်အဦ တွင် တပ်ဆင် ထားသည့် (Fixture) ပစ္စည်းများမှ အပ ကျန် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကိုကုမ္ပဏီ မှ ယူဆောင် သွားခြင်းပြုနိုင်သည်။

၄။ ယင်းလုပ်ငန်းကို (၂)ခန်းတွဲ (၁)ထပ် ဘန်ဂလို(၁၀)လုံး၊ (၄)ယူနစ်ပါ (၂)ထပ် ဘန်ဂလို (၁၀)လုံးဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဟိုတယ်၏ဝင်ငွေကို ခန့်မှန်းတွက်ချက်ရာတွင် ပုံမှန်နှစ်၌ ငှားရမ်းနိုင်မည့် နှုန်းများကို အောက်တိုဘာလမှ ဧပြီလအတွင်း နိုင်ငံခြားငွေဖြင့် (၁၀)ရာခိုင်နှုန်းနှင့် ကျပ်ငွေဖြင့်(၇၀)ရာခိုင်နှုန်းဖြင့် တွက်ချက်ထားပါသည်။ ပုံမှန်နှစ်ရှိ အခန်းငှားရမ်းခနှုန်းမှာ တစ်ထပ် ဘန်ဂလို နှင့် နှစ်ထပ် ဘန်ဂလိုရှိ အခန်း များကို တစ်ခန်းလျှင် နိုင်ငံခြားငွေဖြင့် အမေရိကန် ဒေါ်လာ (၄၀)နှုန်းနှင့် ကျပ်ငွေဖြင့် (၄၀၀၀၀) ကျပ်နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၉)နှစ် နှင့် (၄)လ ဖြစ်ပြီး အရင်းအနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း(IRR) မှာ (၁၉.၃၁) ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ဝင်ငွေခွန် FEC (၁၈၃၀) (နိုင်ငံခြား ငွေဖြင့် ရရှိသော စုစုပေါင်းဝင်ငွေ ၏ ၂%) နှင့် ကျပ် (၄၀.၈၆) သန်း (ကျပ်ငွေဖြင့် ရရှိသော အမြတ်ငွေ ၏ ၃၀%)၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ်(၈၃.၇၇) သန်း၊ မြေငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၃၀၀၀) နှင့် ကျပ် (၂၆.၀၀) သန်း ရရှိမည်ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း(၅၂)ဦး ခန့် ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ လျှပ်စစ်ဓါတ်အား အတွက် ကုမ္ပဏီ အစီအစဉ်ဖြင့် ဆောင်ရွက်ရန် စက်ပစ္စည်း စာရင်းတွင် Generator (၄)လုံး တင်ပြထား ပါသည်။

၉။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန မှ ကုမ္ပဏီသို့ ထုတ်ပေးထားသည့် ဟိုတယ် နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် တင်ပြထားပါသည်။

၁၀။ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်လင်းမောင် ၏ မြဝတီ ဘဏ် လီမိတက်ရှိ ငွေလက်ကျန် နှင့် ဦးအောင်ကျော်ညွန့် ၏ မြဝတီဘဏ်လီမိတက်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် သမဝါယမဘဏ်လီမိတက်တို့ ရှိ ငွေလက်ကျန် စုစုပေါင်း ကျပ် (၂၅၆.၁၆) သန်း တင်ပြ ထား ပါသည်။

၁၁။ လုပ်ငန်းတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေး အန္တရာယ် မဖြစ်ပွားစေရန် အတွက် လိုအပ်သော အစီ အမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက် ထားရှိမည် ဖြစ်ကြောင်း၊ ဟိုတယ်တွင် Stage Show, Fashion နှင့် Model Show များ ပြုလုပ်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းသွား နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ညွှန်ကြား ချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရပါမည်။

၁၃။ <u>ဆုံးဖြတ်ရန်အချက်</u>

ကာကွယ်ရေးဝန်ကြီးဌာန၊စစ်ထောက်ချုပ်ရုံးပိုင်ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ မြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ စုစုပေါင်း နှစ်(၄၀) ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

၁၄။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်</u>

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့</u>

ဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ နေရပ်လိပ်စာ
၁။	ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co.,Ltd.)	၁။ ဦးသန့်ဇော်ရွှေ (အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ်-၁၂/(H)၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဦးအောင်ကျော်ညွန့် (ဒါရိုက်တာ)	အမှတ်-၁၂၄/ခ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့။
		၃။ ဦးဇော်လင်းမောင် (ဒါရိုက်တာ)	အမှတ်-၇၅/(D)၊ ဖိုးစိန်လမ်း၊ ရှင်ပါကူ အထူးကုဆေးခန်းအနီး၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။	ကုမ္ပဏီတယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၁-၅၄၆၂၂၅၊ ၀၁-၅၄၆၂၂၆၊ ၀၁-၅၄၃၉၆၃ ၊ ဖက်စ်-၀၁-၅၄၆၂၂၇
၂။	ကုမ္ပဏီ၏လိပ်စာအပြည့်အစုံ	-	အမှတ်-၇၅/(D)၊ဖိုးစိန်လမ်း၊ရှင်ပါကူအထူးကုဆေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။	ကုမ္ပဏီ၏ဆက်သွယ်ရမည့် ပုဂ္ဂိုလ် အမည်၊ ရာထူး	-	ဦးဇော်လင်းမောင် (ဒါရိုက်တာ)
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ	-	၁၄၇/၂၀၀၆-၂၀၀၇ (၂၄-၄-၂၀၀၆)
၆။	ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	(၂၃-၄-၂၀၁၀)
၇။	ဘဏ်အမည် နှင့် ဘဏ်စာရင်းအမှတ်	-	မြဝတီ ဘဏ်လီမိတက် S-121202307 w CB ဘဏ် 013 20 16418

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၀၉ခုနှစ်၊မေလ(၂၀)ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၀၉) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေး အစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၆-ခ	၆၆၄	ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးပိုင် ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိမြေကို ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက် (Bagan Thande Hotel Group Co., Ltd.) မှ စုစုပေါင်း နှစ်(၄၀)ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ပါသည်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။ ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာအမှတ် ....
ရက်စွဲ ၂၆-၅-၂၀၀၉
ကုန်သွယ်မှုမူဝါဒကောင်စီ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်

ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

ပုဂံ - သံတဲ ဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက်

* * * * * * * * * * *

PROPOSAL OF THE INVESTOR TO MAKE

MYANMAR CITIZENS INVESTMENT IN THE

UNION OF MYANMAR

BAGAN - THANDE HOTEL GROUP CO.,LTD.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
စစ်ထောက်ချုပ်ရုံး

စာအမှတ်၊ ၉၀၁ / ဟိုတယ် / ထောက်၅က
ရက်စွဲ၊ ၂၀၀၉ ခုနှစ် ၊ မေလ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံခွင့်အတွက် ကုမ္ပဏီ၏ လုပ်ငန်းအဆိုပြုလွှာ ပေးပို့တင်ပြခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၀-၄-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၇က-၆(က)/မ-၁၀၂၅/၂၀၀၉(၅၀၅၇)

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေရှိ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေ (၅. ၂၀)ဧကတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် **Bagan Thande Hotel Group Co., Ltd** သို့ မြေငှားရမ်းခအဖြစ် မြေတစ်ဧကလျှင်(၁)နှစ်အတွက် မြန်မာငွေကျပ်သိန်း(၅၀)နှင့် **US$**(သို့မဟုတ်)**FEC** (၂၅၀၀)နှုန်းဖြင့် (**B.O.T**)စနစ် (၃၀+၅+၅)နှစ်မြေငှားရမ်းခွင့်အား ၈-၈-၂၀၀၇ ရက်နေ့ကျင်းပပြုလုပ်သောကုန်သွယ်မှုမူဝါဒကောင်စီ၏(၂၅/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးခွင့်ပြုချက်အရ ၁-၁-၂၀၀၇ ရက်နေ့မှစ၍မြေငှားရမ်းခသတ်မှတ်ပြီး ၁၃-၉-၂၀၀၇ ရက်နေ့တွင် သဘောတူ စာချုပ်အား ချုပ်ဆိုခဲ့ပါသည် ။

၂။ ရည်ညွှန်းပါစာအရ **Bagan Thande Hotel Group Co., Ltd** အတွက် ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခွင့်ကို ၈-၄-၂၀၀၉ ရက်နေ့ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၀၉) အစည်းအဝေးမှသဘောတူညီပြီးဖြစ်ပါ၍ ကုန်သွယ်မှုမူဝါဒကောင်စီသို့ ဆက်လက်တင်ပြပေးနိုင်ရန်အတွက် လိုအပ်သော ကုမ္ပဏီ၏လုပ်ငန်းအဆိုပြုလွှာ(၂၈)စုံအား ဤစာနှင့်အတူ ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲပါ - ကုမ္ပဏီ၏လုပ်ငန်းအဆိုပြုလွှာ (၂၈) စုံ ။

စစ်ထောက်ချုပ် (ကိုယ်စား)

မိတ္တူကို

Bagan Thande Hotel Group Co., Ltd အမှတ်(၇၅ ဒီ)၊ ဖိုးစိန်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ သျှင်ပါကူဆေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟာကွယ်ရေးဝန်ကြီးဌာန
စစ်ထောက်ချုပ်ရုံး

စာအမှတ်၊ ၉၀၁ / ဟိုတယ် / ထောက်၅က
ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ မတ်လ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံခွင့်၊ အခွန်ဆိုင်ရာတင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရရှိရေးတင်ပြခြင်း**

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီတမ်းခြေရှိ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေ (၅. ၂၀)ဧကတွင် ဟိုတယ်လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် Bagan Thande Hotel Group Co., Ltd သို့ မြေငှားရမ်းခအဖြစ် မြေတစ်ဧကလျှင် (၁)နှစ်အတွက် မြန်မာငွေကျပ် သိန်း(၅၀)နှင့် US$ (သို့မဟုတ်) FEC (၂၅၀၀)နှုန်းဖြင့် (B.O.T) စနစ် (၃၀+၅+၅)နှစ် မြေငှားရမ်းခွင့်အား ၈-၈-၂၀၀၇ ရက်နေ့ ကျင်းပပြုလုပ်သော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၅/၂၀၀၇) ကြိမ်မြောက် အစည်း အဝေးခွင့်ပြုချက်အရ ၁-၁-၂၀၀၇ ရက်နေ့မှစ၍ မြေငှားရမ်းခသတ်မှတ်ပြီး ၁၃-၉-၂၀၀၇ ရက်နေ့တွင် သဘောတူစာချုပ်အား ချုပ်ဆိုခဲ့ပါသည်။

၂။ Bagan Thande Hotel Group Co., Ltd မှ ဟိုတယ်လုပ်ငန်း ရင်းနှီးမြှုပ်နှံခွင့်၊ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိရေးတင်ပြလာခဲ့ခြင်းအပေါ် လိုအပ်သလိုဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ကုမ္ပဏီ၏ လုပ်ငန်းအဆိုပြုလွှာ (၄)စုံအား ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲပါ - ကုမ္ပဏီ၏လုပ်ငန်းအဆိုပြုလွှာ (၄)စုံ ။

စစ်ထောက်ချုပ်

မိတ္တူကို

Bagan Thande Hotel Group Co., Ltd အမှတ်(၇၅ ဒီ) ဖိုးစိန်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ သျှင်ပါတုအေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

သို့

စစ်ထောက်ချုပ်

ကာကွယ်ရေးဝန်ကြီးဌာန

နေပြည်တော်။

ရက်စွဲ။ ။ ၂၀၀၉ခုနှစ် ၊ ဖေဖော်ဝါရီ လ၊(၉)ရက်။

အကြောင်းအရာ။ ။ <u>ပုဂံ-သံတဲ ဟိုတယ်အုပ်စုကုမ္ပဏီလီမိတက်မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အဆိုပြု တင်ပြခြင်းကိစ္စ</u>

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်၊သံတွဲမြို့၊ မြပြင်ကျေးရွာ၊ကွင်းအမှတ်(VT-40) ပေလီကမ်းခြေရှိ မြေဧရိယာ (၅.၂)ဧကမြေအား **(BOT)** စနစ်ဖြင့်ငှားရမ်းခြင်း သဘောတူစာချုပ်ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊ (၁၃)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးနှင့် ပုဂံ-သံတဲ ဟိုတယ်အုပ်စုကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

၂။ သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ စစ်ထောက်ချုပ်ရုံးအနေဖြင့် ဆက်လက်တင်ပြပေးပါရန် ပုဂံ-သံတဲကုမ္ပဏီ၏ အဆိုပြုလွှာ(၁)စုံကို ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Bagan Thande Hotel Group Co., Ltd.

ဦးသန့်ဇော်ရွှေ

အုပ်ချုပ်မှုဒါရိုက်တာ

BAGAN-THANDE HOTEL GROUP CO.,LTD.

<u>လျှို့ဝှက်</u>

၅

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်။

နေ့စွဲ။ ။၂၀၀၉ ခုနှစ် ၊ဖေဖော်ဝါရီလ၊(၉)ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့အဆိုပြုချက်များအကြိုစိစစ်ပေးနိုင်ပါရန် ပေးပို့ခြင်း။</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့ BAGAN THANDE HOTEL GROUP CO.,LTD. (ပုဂံသံတဲဟိုတယ်အုပ်စု ကုမ္ပဏီလီမိတက်)အနေဖြင့် စစ်ထောက်ချုပ်ရုံး၊ကာကွယ်ရေးဝန်ကြီးဌာနပိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မြပြင်ကျေးရွာ၊ကွင်းအမှတ် (VT - 40) ရှိ မြေဧရိယာ(၅.၂)ဧကရှိသောမြေကို (B.O.T) စနစ်ဖြင့်ငှားရမ်းပြီး ဟိုတယ်အခန်းသစ်များနှင့် ရေကူးကန်တို့ကိုတည်ဆောက်ပြီး ဟိုတယ်လုပ်ငန်းအားဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီ၏အဆိုပြုလွှာကို လိုအပ်သလိုစိစစ်ပေးနိုင်ပါရန် အဆိုပြုလွှာ(၆)စုံပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

ဦးသန့်ဇော်ရွှေ
အုပ်ချုပ်မှုဒါရိုက်တာ
BAGAN THANDE HOTEL GROUP CO.,LTD.

<u>လျှို့ဝှက်</u>

သို့

ဥက္ကဋ္ဌ
